# နော်ဝေးနိုင်ငံသို့ ဆိုက်ရောက် ရောက်ရှိရာတွင် တီဘီရောဂါအားရှာဖွေစမ်းသပ်ခြင်း

နော်ဝေးနိုင်ငံသို့ နိုင်ငံရေးခိုလှုံသူ သို့မဟုတ် ဒုက္ခသည်အဖြစ်ဖြင့် ဝင်ရောက်လာသူတိုင်း တီဘီရောဂါစစ်ဆေးခံရမည်ဖြစ်ပါသည်။ အခြားရွှေ့ပြောင်း လုပ်သားများသည်လည်း တီဘီရောဂါပျံ့နှံ့နေသော တိုင်းပြည်မှ ရွှေ့ပြောင်းလာခြင်းဖြစ်ပါက တီဘီရောဂါစစ်ဆေးရန် လိုအပ်မည်ဖြစ်ပါသည်။ စစ်ဆေးမှုတွင် အဆုတ် (X-ray )ဓါတ်ရောင်ခြည်ရိုက်ခြင်း (ဝမ်းဗိုက်ပိုင်း ဓါတ်ရောင်ခြည် ရိုက်ခြင်း chest X-ray) နှင့် သွေးစစ်ခြင်း သို့မဟုတ် အရေပြားစစ်ဆေးခြင်းတို့ ပါဝင်မည်ဖြစ်ပါသည်။

## ဝမ်းဗိုက်ပိုင်း ဓါတ်ရောင်ခြည် ရိုက်ခြင်း(Chest X-ray):

ဝမ်းဗိုက်ပိုင်း ဓါတ်ရောင်ခြည် ရိုက်ခြင်း (chest X-ray) သည် အချိန်အနည်းငယ်သာကြာမည်ဖြစ်ပြီး သင့်အားအန္တရာယ်မရှိစေပါ။ ကိုယ်ဝန်ဆောင်များပင်လျှင် ဝမ်းဗိုက်ပိုင်း ဓါတ်ရောင်ခြည် ရိုက်ခြင်း (chest X-ray)သည် ဘေးကင်းပြီး စိတ်ချရပါသည်။ ပုံရိပ်ကောင်းသော ဓါတ်ရောင်ခြည်ပုံ ရရှိစေရန် အတွက် အပေါ်ပိုင်း ဝတ်ဆင်ထားသမျှ ဖယ်ရှားပစ်ခြင်းသည် အကောင်းဆုံးသော နည်းလမ်းဖြစ်ပါသည်။ ဆန္ဒရှိပါက ကြယ်သီးမပါသော အလှဆင်ပစ္စည်းများတပ်ဆင်ထားခြင်းမရှိသော တီရှပ် သို့မဟုတ် စွပ်ကျယ်ကို ဝတ်ဆင်နိုင်ပါသည်။ ဘရာစီယာများလည်းချွတ်ရမည်ဖြစ်ပါသည်။ ဓါတ်ရောင်ခြည်(X-ray) ရိုက်နေစဉ်အတွင်း အသက်ကို ရှူသွင်းလိုက်ပြီး အသက်အောင့် ထားရမည်ဖြစ်ပါသည်။



အချို့သူများသည် သွေးစစ်ခြင်း သို့မဟုတ် အရေပြားစစ်ဆေးခြင်းမျိုး ပြုလုပ်ရမည်ဖြစ်ပါသည်။

**Blood test သွေးစစ်ခြင်း(IGRA):**



**Skin test အရေပြားစစ်ဆေးခြင်း(Mantoux):**



ဆေးစစ်ချက်အဖြေကို ချက်ချင်းရမည်မဟုတ်ပါ။ ရက်အနည်းငယ်ကြာမည်ဖြစ်ပါသည်။ ဆေးစစ်ချက်တွင် ထပ်မံစစ်ဆေးရန်လိုမလို သို့မဟုတ် ဆရာဝန်နှင့် ပြသရန် လိုမလို တို့ကို ဖော်ပြထားမည်ဖြစ်ပါသည်။ ဤကဲ့သို့ ဖော်ပြထားပါက သင့်အားဆက်သွယ်မည်ဖြစ်ပါသည်။ ဤအရာသည် မလိုအပ်ပါဟု စာသား၏ အဓိပ္ပါယ်မှာ သင်သည် တီဘီ ရောဂါခံစားနေရဖြစ်ကြောင်းဆိုလိုပါသည်။

တီဘီရောဂါ၏ ရောဂါလက္ခဏာများမှာ (၃ ပတ် သို့မဟုတ် ၃ ပတ်ထက်ပိုသော) အဆက်မပြတ်ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ ကိုယ်အလေးချိန်ကျခြင်း၊ အားနည်းခြင်းနှင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ညပိုင်းချွေးထွက်ခြင်း သို့မဟုတ် ရောင်ရမ်းခြင်း၊ လည်ပင်း ပေါင်ခြံ သို့မဟုတ် လက်မောင်းအောက်တို့တွင် အသားသီး/အသားဖုတို့ပေါ်ထွက်လာခြင်း တို့ဖြစ်ပါသည်။ တီဘီရောဂါကူးစက်ခြင်းမှ မဟုတ်ဘဲ ခန္ဓာကိုယ်အတွင်းရှိ ဘက်တီးရီးယား ပိုးမွှားများမှလည်း တီဘီရောဂါဖြစ်လာ နိုင်စေပါသည်။ကူသခြင်းမရှိသော အဆုတ်အတွင်းရှိ တီဘီရောဂါပိုး (အဆုတ်နှင့်ဆိုင်သည့် တီဘီ) တစ်မျိုးတည်းသာလျှင် အခြားသူများအား ကူးစက်စေနိုင်ပါသည်။

သင့်တွင် တီဘီရောဂါပိုးရှိနေပါက နော်ဝေးနိုင်ငံတွင် အခမဲ့ကုသနိုင်ပါသည်။ ကုသခြင်းပြီးဆုံးသည်အထိ သင်သည် နော်ဝေးနိုင်ငံတွင် ဆက်လက်ရှိနေနိုင်သည်။

သတိပြုရမည်မှာ တီဘီရောဂါသည် ကုသနိုင်သော ရောဂါဖြစ်ပါသည်။ ထပ်မံ၍ တီဘီရောဂါအကြောင်းသိရှိလိုပါက *www.fhi.no* တွင်ဆက်လက်ရှာဖွေကြည့်ရှုနိုင်ပါသည်။

Norwegian Institute of Public Health